# တိုက်ပွဲအခြေအနေထုတ်ပြန်ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၄) ရက်နေ့။

အောက်တိုဘာလ (၄) ရက်နေ့ ညနေပိုင်း (၁၇း၀၀) နာရီခန့်တွင် လွိုင်ကော်မှ ဒီးမော့ဆိုမြို့နယ်ဘက်သို့ ဦးတည်သော အကြမ်းဖက်စစ်ကောင်စီယဉ်တန်းကို ကရင်နီတပ်မတော် (KA) နှင့် KNDF တို့မှတိုက်ခိုက်ခဲ့ပါသည်။ စစ်ကား (၃၅) စီးပါသော အကြမ်းဖက်စစ်ကောင်စီယာဉ်တန်းကို ကရင်နီပူးပေါင်းတပ်များမှ ဒီးမော့ဆိုမြို့နယ်၊ စံပြ(၆)မိုင်နှင့် (၅)မိုင်ကျေးရွာ အကြားတွင် တိုက်ခိုက်ခဲ့ပါသည်။

ထို့အပြင် လွိုင်ကော်-ဒီးမော့ဆိုလမ်းမကြီး တစ်လျှောက် လမ်းကင်းချထားသော အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်များ နှစ်ဖက်ထိတွေ့ တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။ မွန်းလွဲ (၁၃း၀၀) နာရီခန့် ဒေါပိုးစီတွင် တစ်ကြိမ်၊ ညနေပိုင်း (၁၅း၃၀) နာရီ ဒေါခလိုက်လင်းတွင် တစ်ကြိမ် တိုက်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲများအတွင်း အကြမ်းဖက်စစ်ကောင်စီဘက်မှ ကားတစ်စီးပျက်စီးခဲ့ပြီး၊ (၄) ဦးသေဆုံးခဲ့ပါသည်။ မိမိတို့ဘက်မှ ထိခိုက်မှုမရှိခဲ့ပေ။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် ဒီးမော့ဆို၊လွိုင်ကော်မြို့နယ်တို့တွင် အပြင်းအထန်ထိုးစစ်ဆင်မှုအပြီး အကြမ်းဖက်စစ်ကောင်စီယာဉ်တန်းသည် လူ၊လက်နက်၊ရိက္ခာ အပြည့်ဖြင့် ဖရူဆို ဘောလခဲနှင့် ဖားဆောင်မြို့နယ်များဘက်သို့ ဦးတည်ကာ အင်အားဖြည့်တင်းမည့် အခြေအနေဖြစ်ပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။

၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈။